# စာရေးသူ၏ အမှာ

လွန်ခဲ့သော ၁၁ နှစ်။

၁၉၉၃ ခုနှစ် ဧပြီလအတွင်းက ဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင် အစည်းအဝေးသို့ အမှုဆောင်မဟုတ်သော လူတစ်ယောက် ရောညပ်လျက်ပါလာသည်။ သို့သော် ထိုအစည်းအဝေးက အဲ့လုပ်ငန်းဆောင်တာများကို မဆွေးနွေးဘဲ ပင်ကိုယ်ရေးမြန်မာဝတ္ထုရှည်ကြီးများအကြောင်းကို ဆွေးနွေးကြသည်။

အစည်းအဝေးသဘာပတိမှာ ကဗျာဆရာကြီးထီလာစစ်သူဖြစ်သည်။

သူသည် ကမ္ဘာ့အရပ်ရပ်မှ ပေးအပ်သော ဘွဲ့ထူး ဂုဏ်ထူးနှင့် တံဆိပ်များကို ကဗျာဆရာအဖြစ်ရရှိထားသူဖြစ်ပြီး၊ ဝတ္ထုကို စိတ်ဝင်စား၏။ အထူးသဖြင့် ဝတ္ထုရှည်ကြီးများဖြစ်ပေသည်။

ထိုအစည်းအဝေးတွင် သူက သမိုင်းဝင်မြန်မာဝတ္ထုရှည်ကြီးများ ပေါ်ပေါက်သင့်ကြောင်း၊ ရေးသားထုတ်ဝေသင့်ကြောင်း မိန့်ကြားသည်။ မိမိမှာ ဝတ္ထုရှည်ကို စိတ်မှာနေသူဖြစ်၏။ စိတ်နှာပုံမှာ ဤသို့ ဖြစ်၏။

ကွယ်လွန်သူ စာရေးဆရာမင်းကျော်၏ညီ မောင်ချော (မောင်ရွှေ) သည် ပုဂံစာအုပ်တိုက်ကို ၁၉၆၂ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စာအုပ်တိုက်၏သက်တမ်းတစ်နှစ်ပြည့်အခမ်းအနားကျင်းပတိုင်း ဝတ္ထုရှည်ကြီးတစ်ပုဒ် ထုတ်ဝေလေ့ရှိသည်။ မင်းကျော်၏မဟာ၊ မောင်နဝင်း၏ရေရိုင်းမြေရိုင်းတို့မှာ ပုဂံစာအုပ်တိုက် နှစ်ပတ်လည် အထိမ်းအမှတ်ထုတ်ဝတ္ထုများ ဖြစ်သည်။

တစ်ခုသောနှစ်တွင် ပုဂံနှစ်ပတ်လည်အတွက် ဆင်ဖြူကျွန်းအောင်သိန်း၏ အလှည့်သို့ ရောက်လာသည်။ ဆင်ဖြူကျွန်းအောင်သိန်းက သူရေးမည့်ဝတ္ထုကို အမည်ပေး၏။ 'လူနှင့် သူ၏သမိုင်း' ဖြစ်၏။

ဆင်ဖြူကျွန်းအောင်သိန်းသည် ထိုအချိန်က ဗလာစာအုပ်ဖြင့် စာရေးသည်။ နေ့ ၁၀ မျက်နှာ၊ ည ၅မျက်နှာနှုန်းဖြင့် အရက် ၂၀ ခန့် ရေးသည်။ ၂၁ ရက်မြောက်နေ့တွင် သာကေတနေအိမ်မှ ရန်ကုန်မြို့ထဲသို့ သွားနေစဉ်တွင် ရေးလက်စစာမူကြီး ပျောက်သွားလေ၏။ မှတ်ထားသော ဇာတ်လမ်းဇာတ်ကွက်များနှင့် ဇာတ်ကောင်များမှာ မပြည့်စုံ။ အသစ်ပြန်ရေးရန်ထက် စိတ်ညစ်ခြင်းကသာ ကြီးစိုးနေလေ၏။

ပျောက်သွားသောစာမူကိုတည်း ပြန်လည်ရေးရမည်လော၊ အသစ်တည်း ရေးမည်လော။ ဝေခွဲ၍ မရသဖြင့် ပုဂံစာအုပ်တိုက်သို့ မရောက်။ ခေါင်းကို မီးတောက်နေသော မောင်ချော လိုက်လာချိန်ဝယ် ပုဂံနှစ်ပတ်လည်ကျင်းပရန် ရက်ပေါင်း ၃၀ သာ လိုတော့သည်။ သူက ပြီးသလောက်ကို စာစီထားနှင့်ရန် စာမူပေးပါဟု တောင်းသည်။

ထိုအခါကျမှ ဖြစ်ကြောင်းကုန်စင်ကို ပြောပြသောအခါ မောင်ချော မျက်နှာမပျက်ပါ။ ကွယ်လွန်သူကျော်အောင်၏ 'အရေးကြီးပြီး သွေးစည်းကြစို့' မှာ ရက်ပေါင်း ၂၀ ဖြင့် ထွက်လာသော စာအုပ်ဖြစ်သည်။



ထိုစဉ်ကတည်းက ဂန္ထဝင်ဝတ္ထုရှည်ကို စိတ်မှာနေခဲ့သော ဆင်ဖြူကျွန်းအောင်သိန်းသည် စိတ်မကျေပွဲ နွံလို၏။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ အလိုရှိသော မြန်မာဂန္ထဝင်ဝတ္ထုရှည်ကို ထုတ်ဝေမည့်သူ ရှိပါမည်လော။

ရှိပါသည်။ မပူပါနှင့်။

စာမျက်နှာ မည်မျှ ရေးခွင့်ရှိသနည်း။

ကြိုက်သလောက် ရေးပါ။

ဤသို့ဖြင့် ဆင်ဖြူကျွန်းအောင်သိန်းသည် 'နေမင်းတစ်ထောင်' ကို ရေးဖြစ်၏။

စာရေးနေဆဲတွင် သုံးစွဲရန်ငွေကြေးကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က လစဉ်လတိုင်း တစ်လစာကြိုတင် ထုတ်ပေးသည်။ ဆင်ဖြူကျွန်းအောင်သိန်းက လကုန်တိုင်း စာမူ ၁၅ ဖောင်စာ ပေးအပ်ရသည်။

ငွေရေးကြေးရေးအတွက် မကြောင့်ကြရ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် မပူပန်ရ။ စာမျက်နှာ အကန့်အသတ်မရှိဟု ဆိုသောအခါ ကုန်းဘောင်မင်းဆက် ဆင္ဘမင်း (ပုဂံမင်း) လက်ထက်မှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ရပ်စဲချိန်အထိ သမိုင်းဝင်ဝတ္ထုရှည်ကြီးကို စတင်ရေးတော့သည်။

ရှည်လျားသော သမိုင်းကြောင်းဝတ္ထုကို ရေးရာတွင် ဇာတ်ကောင်များကို ဇေးမှတ်ထားရုံဖြင့် မပြီးပါ။ ငုပ်နေသော ဇာတ်ကောင်တစ်ကောင် ပြန်လည်ပေါ်ပေါက်လာတိုင်း၊ သူ့အကြောင်းကို ပြန်လည်ဖတ်ရှုရသည်။ စင်စစ်မှုသည်မျှ ကြီးမားသော ဝတ္ထုတစ်ပုဒ် ရေးဖွဲ့ရာတွင် လက်ထောက် သုံးဦးခန့်ရှိရန် လိုအပ်၏။ ဆင်ဖြူကျွန်းအောင်သိန်းမှာသော်ကား တစ်ကိုယ်တော်သာ လုပ်ကိုင်ရရာ ဤဝတ္ထုကိုဖတ်ရှု၍ အဆင်ပြေလျှင် ကံကောင်းသောကြောင့်ဟု ကံကိုသာ ရှိးမယ်ဖွဲ့ရပေမည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ရောက်ရှိလာသော စာမူကို အလျင်အမြန် လက်နှိပ်စက် ရိုက်ပြီး စာပေစိစစ်ရေးသို့ တင်ရန် ကြိုးစားသည်။ နောက်ပိုင်းတွင်ကား ထုတ်ဝေမည့်သူ မရေမရာရှိလာသည်။ လက်နှိပ်စက်ရိုက်ရေးမှာလည်း ထထကြွကြွ မရှိတော့ချေ။

သို့တစေ ဆင်ဖြူကျွန်းအောင်သိန်းအား တော်ပါတော့ ပြောသူ မရှိပါ။ မရှိသော်ငြား ဆင်ဖြူကျွန်း အောင်သိန်းက အလိုက်သိစွာဖြင့် နိဂုံးချုပ်ရန် ကြိုးစားသည်။ နိုင်ငံရေးအခြေအနေ လျှင်မြန်စွာ ပြောင်းလဲသောအခါ နိဂုံးချုပ်ရန် တာစူနေသော ဝတ္ထုမှာ အပြောင်းအလဲများ ဖြစ်ပေါ်လာရတော့သည်။

အလွန်ရက်စက်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကို ပြင်ဆင်ရသည်။ စိတ်ပျက်ဖွယ်ကောင်းသော ပါတီအဖွဲ့အစည်းများ အကြောင်းကိုလည်း လျှော့ပေါ့ရတော့သည်။ ဤသို့ဖြင့် ဗလာစာရွက်ဖြင့် စာမျက်နှာပေါင်း သုံးထောင်ကျော်မည်ဟု ခန့်မှန်းထားသော နေမင်းတစ်ထောင်သည် စာမျက်နှာ '၂၄၁၄' ရေးအပြီး ၂၄၊ ၅၊ ၉၄ တွင် ပြီးစီးသွားပါတော့သည်။ တစ်နှစ်ကျော် ကြာညောင်းသော်ငြား ချွတ်ယွင်းချက်တွေ တစ်သီကြီး ထွက်မလာလျှင် ဝမ်းသာရပြီ။

ဤဝတ္ထုသည် သက်တမ်းအားဖြင့် နှစ်ပေါင်းရာကျော်သည်။ ပဒေသရာဇ်မင်းငါးဆက်ခေတ်၊ ကျွန်ခေတ်၊ စစ်အတွင်းဖက်ဆစ်ခေတ်၊ လွတ်လပ်ရေးခေတ်၊ ပြည်တွင်း စစ်ခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တို့ကို ဖြတ်သန်းသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးစလေ့များကို ဖော်ပြရန် ကြိုးစားသော်ငြား အောင်မြင်သည် မထင်ပေ။

အဆိုးဆုံးမှာ ပြည်တွင်းစစ်ကာလ၏ ရက်စက်မှုများကို အရှိအတိုင်း အားပါးတရ မဖော်ပြနိုင်ပေ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအကြောင်းကို ရေးလိုက်မည်ကွဟု မောင်းတင်ထားသော်ငြား လဲနေသူကို ဖိထောင်းသူမှာ လူစွမ်းကောင်း မဟုတ်ကြောင်း အသိဝင်လာသဖြင့် မဖော်ပြရတော့ပေ။

သို့သော် အမျိုးသားစိတ် အမျိုးသားအားမာန်ကိုမူ ပေါ်အောင် ဖော်နိုင်သည်ထင်၏။ အဖေမှသား၊ သားမှမြေး၊ မြေးမှ မြစ်၊ မြစ်မှ တီသို့ အမျိုးသားအားမာန်ကို လက်ဆင့်ကမ်းပုံမှာ စာဖတ်သူ နားလည်ခံစားနိုင်အောင် ပေါ်သည် ထင်၏။ ထုတ်ဝေသူက တစ်ဆယ့်တစ်တွဲရှိမည် ဆိုထားရာ အတွဲပေါင်း မည်မျှအထိ အောင်မြင်မည်ကိုလည်း ကြိုတင် မခန့်မှန်းနိုင်ပေ။

ရေးသားပြီးစီးခဲ့သည်မှာ ဆယ်နှစ်ကျော်ကြာပြီဖြစ်သဖြင့် မမှတ်မိတော့ပါ။ ရေးသားစဉ်က အသုံးပြုခဲ့သော မှတ်စုကို ယခု ပြန်ကြည့်ငြား မမှတ်မိပါ။ သီလဝါကင်း ခံတပ်မှ သုံးခွဲ ပဲ့နင်းကြီး။ တောင်တွင်းကြီး မြို့ဝန်ရဲမင်းခေါင်ကျော်အစ ရဲဘော်ဖြူဆက်သားစ်ထွန်း၊ ကြာခံ၊ တပ်နီလက်နက်တာဝန်ခံ ရွှေသောင်းအလယ်၊ စာရေးဆရာရေချမ်းနီ၊ သာဂရ၊ ချမ်းသာအောင်နှင့် သွေးသောက်ရှုခွာမှ လှထွန်း၊ ကြင်မေတို့၏သမီးရီရီစံ စသည်ဖြင့် ဇာတ်ကောင် တစ်ရာကျော်၏ အမည်များကို တွေ့ရသဖြင့် မှတ်မိရန် မကြိုးစားတော့ပါ။

သို့အတွက် ဤနေမင်းတစ်ထောင်သည် ဆရာမကြီး (ဒေါ်) ခင်မြန် ခင်ခင်လေး၏ 'စာဆိုတော်' ဝတ္ထုပြီးလျှင် အရှည်ဆုံးသော မြန်မာဝတ္ထုဟူ၍ သတ်မှတ်သော် ရကားရနိုင်၏။ ကဗျာဆရာကြီး ထီလာစစ်သူလိုလားသော မြန်မာဂန္ထဝင်ဝတ္ထုဖြစ်လာခြင်း ရှိ မရှိကိုမူ စာဖတ်သူများကသာ အဆုံးအဖြတ် ပေးနိုင်ပါလိမ့်မည်။ ။

❑